## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ (၂၉-၉-၂၀၂၆)
## အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

| စဉ် | မေးခွန်းနှင့် အဆို | အဖြေနှင့် ဆုံးဖြတ်ချက် |
|---|---|---|
| ၁ | **ဦးစိုးလှ၊ ကျိုက်ထိုမဲဆန္ဒနယ်**က ကျိုက်ထီးရိုးစေတီတော် တည်ရှိရာ ဒေသသို့ နိုင်ငံခြားခရီးသည်များ လာရောက်ခွင့်ရှိသည့် အခြေအနေအား ဖြေလျှော့ပေးရန် သို့မဟုတ် ၎င်းတို့ အလွယ်တကူဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**က ခရီးစဉ်ကြိုတင်ခွင့်ပြုမိန့် ရရှိစေရေးအတွက် (၁၄)ရက်အစား ရုံးပိတ်ရက်မပါ (၁၀)ရက်ကြိုတင်တင်ပြရန် ဖြေလျှော့ပေးထားပါကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်**က မလှိုင်မြို့နယ်၊ မြို့ဦးကွက်သစ်ရပ်ကွက်နှင့် နယ်မြေ (၁၀/၁၁/၁၄)တို့အတွက် စက်ရေတွင်းတူးခြင်း၊ ရေစုကန်ဆောက်ခြင်း၊ ရေစုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က စက်ရေတွင်း တူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစုပ်ပန့်နှင့် ပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးအေးချမ်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မဲဆန္ဒနယ်**က ရန်ကုန်မြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် ရှေ့နောက်ကြေညာဆိုင်းဘုတ် လုပ်ပိုင်ခွင့်စာချုပ်အား မည်သို့ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီ မည်ကဲ့သို့အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများကို စာချုပ်ပါသတ်မှတ်ချက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားပါသည်။ (စာချုပ်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌက သီးခြားပြန်လည်စိစစ်သင့်ကြောင်း အကြံပြုပါသည်။) |
| ၄ | **ဦးငြိမ်းထွေး၊ အင်းစိန်မဲဆန္ဒနယ်**က အင်းစိန်မြို့နယ်၌ အိမ်ရာကွက်ဖော်ပြီး အဆောက်အဦများ ဆောက်လုပ်ရောင်းချခြင်းနှင့် ဂရန်မြေကွက်များ ရောင်းချခြင်းသည် မည်သည့်ဌာနမှ ခွင့်ပြုထားသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က အိမ်ရာစီမံကိန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အား ထုတ်ပေးထားခြင်းမရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်းနှင့် အဆို | အဖြေနှင့် ဆုံးဖြတ်ချက် |
|---|---|---|
| ၅ | **ဦးဌေးဝင်း၊ ဟသ်ာတမဲဆန္ဒနယ်**က ဟသ်ာတမြို့၊ ရုံးကြီးရပ်ကွက် ကြက်ခြေနီအသင်းရုံးနှင့် မိခင်နှင့်ကလေးအသင်းရုံးတို့၏ ရုံးမြေနေရာအား စည်ပင်သာယာဦးစီးဌာနမှ စွန့်လွှတ်ပေး၍ မြေငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က လတ်တလော စွန့်လွှတ်မည့်အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆက်လက်အသုံးပြုရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးမိုးတင်၊ စေတုတ္တရာမဲဆန္ဒနယ်**က စေတုတ္တရာမြို့နယ်အတွင်းရှိ မျှဉ်းကြောင်းတောင်အဆင်းမှ တပွင်ရွာအထိလမ်း၌ ဖူးဝမှ ကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ကျန်ဂဝံလမ်းအား ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပျက်စီးသည့်လမ်း ၁/၄ မိုင် လမ်းပြုပြင်ခြင်းလုပ်ငန်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင်လျာထားပြီး ကျန်ရှိသည့် လမ်းများအား ကျောက်ခင်းခြင်းလုပ်ငန်းကို နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင်မဲဆန္ဒနယ်**က Smart City ဖြစ်စေရန် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ စက်မှု/ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းအား အကျိုးတူလုပ်ကိုင်ရန် အငှားမြေများ ချထားပေးခြင်းနှင့် ကားလမ်းမပေါ်တွင် ဈေးရောင်းချနေသူများကို စနစ်တကျ ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က အကျိုးတူလုပ်ငန်းများအတွက် အငှားမြေယာများကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ မြေအသုံးပြုခွင့် တင်ပြတောင်းခံနိုင်ပါကြောင်းနှင့် စည်းကမ်းမဲ့ကျူးကျော် ရောင်းချခြင်းများကို ပညာပေးခြင်း၊ ရှင်းလင်းဖယ်ရှားခြင်းဖြင့် စနစ်ကျ၍ သန့်ရှင်းသပ်ရပ်သည့် မြို့များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်းနှင့် အဆို | အဖြေနှင့် ဆုံးဖြတ်ချက် |
|---|---|---|
| ၈ | **ဦးတင်ဦး၊ အိမ်မဲမဲဆန္ဒနယ်**က ညောင်ကုန်းချောင်းဖျား၊ သရက်ကုန်းကျေးရွာအုပ်စုချင်းဆက်လမ်းအား ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ထည့်သွင်းလျာထား၍ ပျက်စီးနေသောလမ်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပျက်စီးသည့် ကျောက်ခင်းလမ်း ၄ ဖာလုံ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားပြီး ၂၀၂၈–၂၀၂၉ ဘဏ္ဍာ နှစ်မှစ၍ ကျောက်ခင်းလမ်းအဖြစ် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးဆလိုင်းအောင်ပြည့်၊ တီးတိန်မဲဆန္ဒနယ်**က တီးတိန်မြို့နယ်၊ မဏိပူရ် မြစ်ကူးဒါတ်တားတံတားအား အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က လတ်တလောအခြေအနေအရ အဆင့်မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၀ | **ဒေါက်တာငွေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်**က ထူးကြီး–ရွှေကျင်လမ်းမှ အင်္ဂပူမြို့နယ်အပိုင် ထူးကြီး–ကညွတ်ကုန်းလမ်းမှာ ပျက်စီးနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပျက်စီးသည့် လမ်းအရှည် ၅ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် လျာထားပြီး ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ကျန်ရှိသည့်လမ်းပိုင်းများကို ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန် နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်က** "မြန်မာမှုရိုးရာစားစရာ "ထမနဲ" ကိုလည်းကောင်း၊ မြန်မာမှုလက်ရာ ရက်ကန်းပညာ "လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်း"ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း" အဆို တင်သွင်းပါသည်။ | ယင်းအဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ် အမည်စာရင်းအား (၁–၁၀–၂၀၂၆)ရက်နေ့ နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။ |